# မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ
# အစီရင်ခံစာ

ဧပြီ – စက်တင်ဘာ ၂၀၁၂ ခုနှစ်



Network for Human Rights Documentation - Burma

ND - Burma

လူ့အခွင့်အရေး မှတ်တမ်း ကွန်ရက် (မြန်မာနိုင်ငံ)




၁။ နိဒါန်း
၄။ လယ်မြေနှင့် တခြားမြေယာများသိမ်းဆည်းမှု
စုံစမ်းစစ်ဆေးရေးကော်မရှင်
၆။ အချက်အလက်ကောက်ယူသည့် နည်းလမ်း
၈။ ND-Burma မှ ကောက်ယူရရှိသော
လူ့အခွင့်အရေးချိုးဖောက်မှုများ
၁၀။ ဖြစ်ရပ်မှန်လေ့လာချက်
၁၂။ နိဂုံးချုပ်ချက်
၁၃။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်
လူ့အခွင့်အရေးချိုးဖောက်မှုများ

# နိဒါန်း

ယခုအစီရင်ခံစာကာလအတွင်း မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် သိသိသာသာ အချိုးအကွေ့များ ဖြစ်ပေါ်ခဲ့သည်။ တချိန်က နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံခဲ့သူ နိုင်ငံရေးအကျဉ်းသားဟောင်း ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စုမှ အရပ်သားများကို ချီးမြှင့်သော အမြင့်ဆုံးဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုကိုလက်ခံရယူပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်လာခဲ့သည်။ ခရီးစဉ်အတွင်း အမေရိကန်လွှတ်တော် နှစ်ရပ်စလုံးက နယူးယောက်မြို့သို့ ကုလသမဂ္ဂ အထွေထွေညီလာခံတက်ရောက်ရန် ရောက်ရှိနေသော သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ယူဝင့်ကြွား ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်း ပြောဆိုမှုနှင့် တခြားသော အချက်အလက်များအပေါ် အခြေခံ၍ အမေရိကန်ပြည်ထောင်စုသည် သွင်းကုန်ပိတ်ပင်ခြင်း ပိတ်ဆို့မှုအပါအဝင် ပြစ်ဒဏ်ခတ် အရေးယူမှုကို လျော့ပေါ့ပေးခဲ့သည်။

တချိန်တည်းတွင် တိုင်းပြည်အနံ့အပြားတွင် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ဆက်လက်ဖြစ်ပေါ်နေသည်။ တိုင်းရင်းသားဒေသများအတွင်းပြည်တွင်းစစ်ဆက်ရှိနေခြင်း၊အတင်းအကြပ်လုပ်အားပေးခိုင်းစေမှု၊ ကလေးစစ်သား၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အနိုင့်အထက်ပြုကျင့်မှုများအတွက် ဆက်လက်စိုးရိမ်နေရဆဲဖြစ်သည်။ ထို့အပြင် ယခုအစီရင်ခံစာသည် နိုင်ငံအဟုမ်းဖြစ်ပေါ်နေသော မြေယာသိမ်းဆည်းမှုများ အတင်းအကြပ်ရွှေ့ပြောင်းမှုများနှင့်ပတ်သက်၍အထူးအလေးထားဖော်ပြသွား မည်ဖြစ်သည်။ လက်ပန်းတောင်း ကြေးနီးမိုင်းဒေသအတွင်း အတင်းအကြပ်ရွှေ့ပြောင်းခံရသော ရွာပေါင်း ၆၆ရွာမှ ဆန္ဒပြလယ်သမားများဖမ်းဆီးခံရခြင်း၊ရိုက်နက်ခံရခြင်း[1]စသည့်

1 "Freed copper mine protesters assaulted by police". Democratic Voice of Burma 12 September 2012.

Network For
Human Rights
Documentation - Burma

P.O Box 67 CMU Post Office
Chiang Mai. 50000 Thailand.
email : office@nd-burma.org
www.nd-burma.org

အဖြစ်အပျက်များအပါအဝင် လတ်တလော ဖြစ်ရပ်များ ကြောင့် မြန်မာအစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် ချိုးဖောက်နေဆဲဖြစ်သည်ဟု မြင် တွေ့ရသည်။

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသော အစီရင်ခံစာတွင် အာရှလူ့အခွင့်အရေး ကော်မရှင်က မြေယာသိမ်းဆည်းမှုသည် "စစ်တပ်၊ အစိုးရတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းများ၏ သုံးပွင့်ဆိုင်အကျိုးစီးပွား"၏ တိုက်ရိုက်အကျိုးဆက်ဖြစ်သည်ဟု ဖော်ပြခဲ့သည်။[2] စစ်တပ် အရာရှိဟောင်းများသည် စီးပွားရေးလုပ်ငန်းများတွင် အခန်းကဏ္ဍအသစ်တခုအနေဖြင့် ပါဝင်လာခြင်းသည်လည်း အကြောင်းရင်းတရပ်ဖြစ်သည်ဟု ထိုအစီရင်ခံစာက ထောက်ပြခဲ့သည်။ စစ်တပ်နှင့် စီးပွားရေးလုပ်ငန်းနှစ်ခု ပေါင်းစပ်လိုက်ခြင်းကြောင့် မြေဧကပေါင်း ၇၈ဝဝ အသိမ်းခံရမှုနှင့် ကြေနီးမိုင်းကြောင့် မဖော်ပြနိုင် လောက်သော သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှုများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ် စေသည်။ ကြေနီးမိုင်းပရောဂျက်အား တရုတ်ကုမ္ပဏီနှင့် ပူးပေါင်း၍ စစ်တပ်ပိုင် မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်က အကောင် အထည်ဖော်လုပ်ကိုင်နေသည်။[3]

မြေယာသိမ်းဆည်းခံရခြင်းကြောင့် အရပ်သား ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းအပေါ် သိသိသာသာ သတ်ရောက်မှုရှိစေသည်။ အာရှဥပဒေအရင်း အမြစ်ဌာန (ALRC) က ထုတ်ပြန်သော အစီရင်ခံစာတွင် "ပြည်သူများသည်၎င်းတို့နေအိမ်များမှ အတင်းအကြပ် မောင်းထုတ်ခံနေရကြောင်း(သို့) နိုင်ငံပိုင် ပရောဂျက်များအတွက် ပြည်သူပိုင်စိုက်ပျိုးမြေများ ဆုံးရှုံးနေကြကြောင်း၊ တခါတရံတွင် လျော်ကြေးတချို့တဝက် ရသော်လည်း တခါတရံ လုံးဝမရကြောင်း သတင်းမီဒီယာများတွင် နေ့စဉ် ဖော်ပြနေသည်ကို မြင်တွေ့နေရကြောင်း။" ရေးသားဖော်ပြခဲ့သည်။[4] ၂ဝ၁၂ ခုနှစ် မြေယာဥပဒေအား ၎င်း



2 "Land Grabs Intensify as Burma 'Reform' Races Ahead of Law". The Irrawaddy 15 May 2012.
3 "Freed copper mine protesters assaulted by police". Democratic Voice of Burma 12 September 2012.
4 "Epidemic of land grabbing in Burma: report". Mizzima.com 7 June 2012.

ပြဿနာများ ကို ဖြေရှင်းနိုင်မည့် အခွင့်အလမ်း တခုအဖြစ် မြင်တွေ့ခဲ့သော်လည်း ALRC အဆိုအရ ၎င်းဥပဒေသည် မြေယာ သိမ်းဆည်းခံမှုအား မလျော့သွားစေသည့်အပြင်၎င်း ဥပဒေအရ နိုင်ငံတော်ပိုင် လုပ်ငန်းတခု (သို့မဟုတ်) အမျိုးသား အကျိုးစီးပွားနှင့် ဆက်နွယ်သော အကြောင်းပြချက်တခုခုဖြင့် စိုက်ပျိုးမြေများကို သိမ်းခွင့်ပြုထားသည်။[5]



လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ မုံရွာမြို့။

5 “Epidemic of land grabbing in Burma: report”. Mizzima.com 7 June 2012.

# လယ်မြေနှင့်တခြားမြေယာများ သိမ်းဆည်းမှု စုံစမ်းရေးကော်မရှင်

၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ဖြစ်ပေါ်နေသော မြေယာသိမ်းဆည်းမှု တိုင်ကြားချက်များနှင့်ပတ်သက်၍ စုံစမ်းရန်အတွက် လယ်မြေနှင့်တဖြားမြေယာများသိမ်းဆည်းမှု စုံစမ်းရေးကော်မရှင် ဖွဲ့စည်းခဲ့သည်။ ကော်မရှင်ဖွဲ့စည်းသည့် အချိန်မှစ၍ ကော်မရှင်အဖွဲ့ဝင် လွှတ်တော် အမတ်များသည် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များ အပါအဝင် ၎င်းတို့ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများအတွင်း တိုင်ကြားချက်များကို လေ့လာစုံစမ်းခဲ့သည်။ တိုင်ကြားချက်အားလုံးအား အညီးအတေးထားခြင်းမရှိ ဖြေရှင်းပေးမည်ဟု ကော်မရှင်က လူသိရှင် ကြား ထုတ်ဖော်ပြော ဆိုခဲ့သည်။[6]

လယ်မြေနှင့် တခြားမြေယာများသိမ်းယူမှု စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ပြုပြင်ပြောင်းလဲရေးများ ဖော်ဆောင်ပေးမည်ဟု ကတိကဝတ်ပြုသည့်အပြင် ပြည်သူများမှ သိခွင့်မရသော ယခင်ပြုပြုပြောင်းလဲမှုများနှင့် ပတ်သက်ပြီးတော့လည်း စိုးရိမ်ချက်များ ထုတ်ဖော်ပြသခဲ့သည်။ မြန်မာနိုင်ငံမြေယာသိမ်းဆည်းမှုနှင့်ပတ်သက်ပြီး သိမ်းဆည်းခံပြည်သူများဖက်မှ ဦးဆောင် တိုက်ပွဲဝင်နေသူ ရှေ့နေဦးဖိုးဖြူအားလူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)မှ ဆက်သွယ်မေးမြန်းမှုတွင်သူက ကော်မရှင်နှင့် ပတ်သက်၍ အခုလို ပြောကြားခဲ့သည်။ "လွှတ်တော်ကဖွဲ့စည်းပေးထားတဲ့ အဲ့ဒီကော်မ ရှင်က ပြည်ထောင်စုအစိုးရရဲ့ လုပ်ငန်းတွေဟာ တည်ဆဲဥပဒေတွေနဲ့ ကိုက်ညီခြင်းရှိမရှိဆိုတာ သူတို့ဆုံး ဖြတ်နိုင်ခွင့်အသာထားပါ။ ကျနော့်အထင်တော့ ဒီကော်မရှင်ဟာ အစိုးရလုပ်ဆောင်ချက်တွေကို သွေဖယ်ရှောင်လွှဲပြီး တဖြားအဖြေများ ထွက်လာမလားဆိုတဲ့ အမြင်နဲ့ချည်း ကပ်နေသည်" ဟုမြင်မိပါကြောင်းဟု ကွန်ရက်နှင့်တွေ့ဆုံမေးမြန်းမှုတွင် ပြောသည်။ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များသည် လုပ်ငန်းဖော်ဆောင်ရာတွင်

လူ့အခွင့်အရေး
မှတ်တမ်းကွန်ရက်
(မြန်မာနိုင်ငံ)

6 "Land Grabs Probe Travels Across Burma". The Irrawaddy 26 September 2012.

မျှတမှု၊ ရှုထောင့် စုံနှင့် လက်ဆုပ်လက် ကိုင်ပြနိုင်သော နောက်ဆက်တွဲလုပ်ငန်း မျိုးပါရှိရမည်။ လွှတ်တော်မှကော်မရှင်ဖွဲ့စည်းပေးလိုက်ခြင်းသည်အကောင်းဖက်သို့ဦးတည်သော ခြေလှမ်းတလှမ်းဖြစ် သော်လည်းအောင် မြင်မှုတခုတော့မဟုတ်သေးပေ။

လယ်မြေနှင့်တခြားမြေယာများသိမ်းယူမှုစုံစမ်းစစ်ဆေးရေးကော်မရှင်သည် အောင်မြင်သော၊ နောက်ဆက်တွဲ လုပ်ငန်းစဉ်အဖြစ် တွန်းပို့ပေးနိုင်သော ရလဒ်များထွက်ပေါ် စေရန် အတွက် အခြေခံစံသတ်မှတ်ချက်နှစ်ခုနှင့် ပြည့်မှီရမည်။ ပထမအချက်မှာ စုံစမ်းဖေါ် ထုတ်သူများအား လုံးဂပွင့်လင်းမြင် သာမှုရှိရမည်ဖြစ်ပြီး၊ အများပြည်သူသိရှိနိုင်ရမည်။ ကော်မရှင်၏တွေ့ရှိချက်များသည် နိုင်လုံပါက ရလဒ်များသည် အများမြင်သာထင်သာ ရှိရမည်ဖြစ်သည့်အပြင် ရိုးသားရမည်။ ဒုတိယအချက်မှာ ကော်မရှင်၏ တွေ့ရှိချက်များအား ရလဒ်အဖြစ်အလျှင်အမြန်ပြောင်းလဲယူရမည့်အပြင် ထင်သာမြင်သာဖြစ်သော နောက်ဆက်တွဲလုပ်ငန်းများလည်း ရှိရမည်။ "တပ်မတော်က သိမ်းထားတဲ့ မြေတွေကို မူရင်းမြေပိုင်ရှင်လယ်သမားတွေထံ (သို့) ပုဂ္ဂလိကလက်ထဲကိုပြန်အပ်နှံသင့်ပါတယ်။"ဟု ဦးဖိုးဖြူကတိတိကျကျ ထောက်ပြထားသည်။ သတင်းအချက် အလက်စု ဆောင်းရုံ တခုတည်းနှင့် ပြည့်စုံခြင်းမရှိပေ။ ရလဒ်များ ထွက်ပေသည် အထိ၊ နောက်ဆက်တွဲလုပ်ငန်းများ ဖြစ်ပေါ် လာသည်အထိ နောက်ဆုံး အဆုံးအဖြတ်ကို စောင့်ကြည့်သင့်သည်။



လှိုင်သာယာမြို့နယ်ရှိ လယ်ယာမြေများကို ကုမ္ပဏီမှသိမ်းယူထားပုံ

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

ကွင်းဆင်းအချက်အလက်ကောက်ယူသူများ၏ အခြေအနေ - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ၏ ကွင်းဆင်းအချက်အလက်ကောက်ယူသူများသည် လူ့အခွင့်အရေး မှတ်တမ်းများကောက်ယူရာတွင် အသက်အန္တရာယ်နှင့် ရင်း၍ ဆောင်ရွက်ရသည်။ လူ့အခွင့်အရေးဆောင်ရွက်သူများသည် အစိုးရ၏ အငြိုးထားမှုခံရသည့်အပြင် မျက်ခြေမပြတ်စောင့်ကြည့်ခံရခြင်း၊ခြိမ်းခြောက် ခံရခြင်း၊ ဖမ်းဆီးခံရခြင်းနှင့် ထောင်ချခံရခြင်းတို့ အမြဲတစေရင်ဆိုင်ရသည်။ လုံခြုံရေးအခြေအနေကြောင့် လူ့အခွင့်အရေး မှတ်တမ်းကောက်ယူခြင်းအား ပေါ်ပေါ်ထင်ထင် မလုပ်နိုင်ခြင်း မြန်မာနိုင်ငံတဝှမ်း လုံးတွင် ဖြစ်ပျက် နေသောလူ့အခွင့်အရေး အခြေအနေအား လုံးအားထပ်ဟပ် နိုင်စေရေးအတွက် တပ်ပြနိုင်ခြင်းမရှိပေ။ အစိုးရ သည် ဒေသခံပြည်သူ လူထုအပေါ် အထူးသဖြင့်အလှမ်းကွာဝေးသော ဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများအတွင်းနေထိုင်သောပြည်သူလူ ထုများအပေါ် ပိုမိုဖိနှိပ်မှုများရှိ သဖြင့်လုံခြုံရေး အန္တရာယ်ပိုများသည်။ ထိုဒေသများအတွင်းအချက်အလက် ကောက်ယူနေကြသော ကွင်းဆင်းအချက် အလက်စုဆောင်းသူများသည် သတင်းအချက် အလက်အား တဦးချင်းအဆက်အသွယ်များအပေါ် အခြေခံ၍ကောက်ယူရသည်။ ကွန်ရက် ကွင်းဆင်းအချက်အလက် ကောက်ယူသူတိုင်းသည် နောက်ထပ် အဆက်အသွယ်ပိုရ လာစေရန် ကြိုးပမ်းရ သကဲ့သို့ ကျေးရွာခေါင်းဆောင်၊ အစိုးရဝန်ထမ်းများနှင့်လည်း တွေ့ဆုံးမေးမြန်း အချက်အလက် ကောက်ယူသည်။

လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

**မှတ်တမ်းထောင်ခြင်း** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)သည် နိုင်ငံတကာလူ့အခွင့်ရေးအန်ဂျီအိုများ၏ အကူအညီကို ရယူ၍ ယခုအစီရင်ခံစာပါ အချက်အလက်များ ကောက်ယူပေးသော အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက်ကောက်ယူသူများကို သင်တန်းပေးသည်။ ထို့

နောက် အဆိုပါ ကွင်းဆင်းအချက်အလက်ကောက်ယူသူများ သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု အတွင်း တွေ့ဆုံမေးမြန်း အချက်အလက်ကောက်ယူခြင်းနှင့် တခြား သတင်းအချက်အလက်များ ကောက်ယူစုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိသည့် အခွင့်အရေးနှင့် ပြင်ပ အခြေ အနေများအပေါ်မူတည်၍ ကောက်ယူရသည်။ ယခု အစီရင်ခံစာပါ ဖြစ်ရပ်များသည် အစီရင်ခံစာကာလအတွင်း အစိုးရ၏ ကျူးလွန်မှုခံခဲ့ရသူများ၏ တိုက်ရိုက်ပြောဆိုချက်များ ဖြစ်သည်။ မျက်မြင်သက်သေများမှ ပြောသော အချက်အလက် များနှင့် လေ့လာသူများက အတည်ပြုပေးသော အချက်အလက် များအရ မြန်မာအစိုးရစစ်သားများ အများဆုံးကျူးလွန်သော အစိုးရ အကြမ်း ဖက်မှုများဖြစ်သည်။

အချက်အလက်စီမံခန့်ခွဲမှု - လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက် (မြန်မာနိုင်ငံ)အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက် ကောက်ယူစုဆောင်းသူများသည် အချက် အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းထံသို့ပေးပို သည်။ ထို့နောက် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိ ဝန်ထမ်းများက ကွန်ရက်ဒေတာဘေ့စ်အတွင်း သတင်းအချက် အလက် များထည့်သွင်းသည်။ လူ့အခွင့်အရေး မှတ်တမ်းကွန် ရက် (မြန်မာနိုင်ငံ)၏ အချက်အလက် စီမံခန့်ခွဲရေး အလုပ်အဖွဲ့ က အချက်အလက် တခုချင်းစီအား ပြင်ဆင်စုဆီးပြီး ၂၀၁၂ ဧပြီလ မှ ၂၀၁၂ စက်တင်ဘာလ အတွင်း ဖြစ်ပွားခဲ့သောချိုး ဖောက်မှုအနက် သင့်လျော်ရာအဖြစ် အပျက်များကို ရွေးချယ် သည်။ ယခုအစီရင်ခံစာကာလ မတိုင်ခင်ဖြစ်ပွားခဲ့သောတခြား သတင်းအချက် အလက်များကို သမိုင်းမှတ်တမ်းအဖြစ် သိမ်း ဆီးထားမည်ဖြစ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလ အတွင်း တာဝန်ခံမှုရယူမည့် လုပ်ငန်းစဉ်များအတွက် အသုံးပြု မည်ဖြစ်သည်။

# လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)မှ ကောက်ယူရရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများ

**ဧပြီ –စက်တင်ဘာလ ၂၀၁၂**

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သည် မြန်မာအစိုးရနှင့် ၎င်း၏ထောက်ခံသူများ ကျူးလွန်သော လူ့အခွင့် အရေးချိုးဖောက်မှု (၁၁၄)ခုအား ၂၀၁၂ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ကောက်ယူရရှိခဲ့သည်။ အစီရင်ခံစာ ခြောက်လအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄)ခု အတွင်း ဖြစ်ပေါ်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်း တင်ခဲ့ခြင်းဖြစ်သည်။

အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု (၂၇) ခု၊ အတင်း အဓမ္မမြေယာသိမ်းဆည်းမှု (၂၆) ခုနှင့် ညှဉ်းပန်းနှိပ်စက်မှု (၂၁) ခုတို့ပါဝင်သည်ကိုတွေ့ရသည်။ အပစ်အခတ်ရပ်စဲရေး၊ ရွေးကောက်ပွဲစသည့် ဖြစ်ထွန်းမှုများရှိနေ သော်လည်းတိုင်းရင်း သားဒေသများအတွင်း မြန်မာအစိုးရ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား လက်နက်ကိုင် ပဋိပက္ခဆက် လက်ဖြစ်နေခြင်းကြောင့် ၎င်းလူ့အခွင့်အရေးချိုး ဖောက်မှုများ ဆက်လက်ဖြစ်ပေါ် နေခြင်းဖြစ်သည်။ ကွန်ရက်မှ ကောက်ယူရရှိ သော အချက်အလက်များအရ မြေယာသိမ်းဆည်းမှုသည် အဓိ ကချိုး ဖောက်မှုတခုအဖြစ် ဆက်ရှိနေသည်။ ရှမ်းပြည်တွင်တွေ့ ရသောချိုးဖောက်မှုများမှာ မြေယာသိမ်းဆည်းမှု (၁၂ ခု) နှင့် ညှဉ်းပန်းနှိပ်စက်မှု (၁၁ ခု) တို့ဖြစ်သည်။

ရှမ်းပြည်နယ်တွင်သာမက မြေယာသိမ်းဆည်းမှုသည် ပထဂီ တည်နေရာအရ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေသည် ကို တွေ့ရသည်။ ၂၀၁၂ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ကွန် ရက်မှ ကောက်ယူရရှိခဲ့သော ချိုးဖောက်မှုများတွင်မြေယာသိမ်း ဆည်းမှုသည် လေးပုံတပုံခန့်ရှိသည်ကိုတွေ့ရသည်။ ကွန်

ရက်၏ ကွင်းဆင်းအချက်အလက် ကောက်ယူမှုများမှ ရရှိသော အချက်အလက်များအရ မြေယာသိမ်းဆည်းမှုနှင့်ပိုင် ဆိုင်မှု ပစ္စည်းဖျက်ဆီးခံရခြင်းချိုးဖောက်မှုများ နေရာကျယ် ကျယ် ပြန့်ပြန့်ဖြစ်ပေါ်နေ သည်ကိုတွေ့ရသဖြင့် လတ်တလော မြန်မာနိုင်ငံအတွင်း သတင်းမီဒီယာများတွင် ဖော်ပြနေသော သတင်းပေးပို့ချက်များနှင့်လည်း ထပ်တူကျတူညီနေ သည်ကို တွေ့ရသည်။

## ဖြစ်ရပ်မှန်လေ့လာချက် မြေယာသိမ်းဆည်းမှုချိုးဖောက်မှု

ချိုးဖောက်မှုဖြစ်ပွားသည့်နေ့စွဲ - ၁၂ မတ်လ၂၀၁၂ ခုနှစ်

**ရွာသားများ၏ စိုက်ခင်းများနှင့် ဥယျာဉ်များအား စစ်လေ့ကျင့် ရေးပစ်မှတ်အဖြစ် ပစ်ခတ်ခဲ့ခြင်း**

၂၀၁၂ ခုနှစ် ဧပြီလတွင် မြန်မာစစ်တပ်သည် ကရင်ပြည်နယ်၊ ဘုရင့်နောင်တပ်မြို့အနီး စက်ပစ်ကွင်း လေ့ကျင့်ခဲ့သည်။ ဒေသခံအခြေစိုက်တပ်ရင်းတရင်းသည် တပ်ခွဲမှူးသင်တန်းတွင် ပါဝင်တက်ရောက်ခဲ့သည်။ စစ်သင်တန်း၏ တစိတ်တပိုင်းအဖြစ် စစ်သားများသည် ရွာဖက်ဆီသို့လှည့်၍ စစ်လက်နက်လေ့ကျင့်ပစ်ခတ်ခဲ့သည်။ ထိုသို့ပစ်ခတ်ခြင်းကြောင့် ဒေသခံရွာသားများ၏ သစ်သီးစိုက်ခင်းများ၊ ဥယျာဉ်များ ပျက်ဆီးဆုံးရှုံးခဲ့ရသည်။ တော်တော်များများပျက်ဆီးသွားခဲ့သည်။ ပစ်ခတ်မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ရွာသားများပိုင် ဆိုင်သော ပစ္စည်းဥစ္စာ မီးလောင် ဆုံးရှုံးခဲ့ရသည်။ ရွာသား (၁၆) ဦးပိုင်ဆိုင်သောသီးနှံ စိုက်ခင်းနှင့် ဥယျာဉ် ၁၆ ဧကခန့်ဆုံးရှုံး ခဲ့ရသည်။ ဆုံးရှုံးမှုတန်ဖိုး သည် ကျပ်ငွေ ၉ ၆၈၄ ၅၀၀ (အမေရိကန်ဒေါ်လာ ခန့်မှန်းချေ ၁၁၃၄၀) ခန့် ရှိခဲ့သည်။

## ဖြစ်ရပ်မှန်လေ့လာချက် မြေယာသိမ်းဆည်းမှု

ချိုးဖောက်မှုဖြစ်ပွားသည့်နေ့စွဲ - ဧပြီ ၁၁ ၂၀၁၂

လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

တီးတိန်မြို့အတွင်း လမ်းဖေါက်လုပ်ခြင်းအတွက် ဒေသခံများထံမှ အတင်းအဓမ္မ ငွေကောက်ခံခြင်း

တီးတိန်မြို့နယ်၊ မူရယ်ဘန်းကျေးရွာတွင် ၃၃ ပေအရည်ရှိသော လက်ဂါးကပ်တိုင်ပုံပါသော နာရီစင်တခုအား ဘူဒိုဇာနှင့် မြေလှန်ဖြိုချခဲ့သည်။ နာရီစင်သည် ဇောင်ဂွန်းနှင့် မူရယ်ဘန်း ကျေးရွာသို့ ဆက်ထားသော လမ်းသစ် အတွက်အချက်အချာ

ကျသော နေရာဖြစ်သည်။ တီးတိန်အခြေစိုက် ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူး ရွာသူကြီး ပဟွေခန်းထမ်က အမိန့်စာထုတ် ၍ ဖြိုလှဲလိုက်ခြင်းဖြစ်သည်။ ဒေသခံအာဏာပိုင်များသည် လမ်းဖောက်ရန်အတွက် ရွာသားတချို့ပိုင် မြေများကိုသိမ်းယူခဲ့သည်။ တီးတိန်မြို့မှ ခေါ်လာသော ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သူကြီး ပဟွေခန်းထမ်သည် ဒေသခံပြည်သူများထံမှ ငွေကြေး "အကူအညီ"နှင့် ဒီဇယ်ဂါလံ အလိုက်ကောက် ခံခဲ့သည်။ နာရီစင်နှင့် လက်ဂါးကပ်တိုင်ဖျက် ဆီးခံရပြီးနောက် အကြွင်းအကျန်များကို ရှင်းလင်းရန် ရွာသူကြီးက ရွာသားများထံမှ လုပ်အားပေး တောင်းခဲ့သည်။ တွီခုတ် ရပ်ကွက်မှ ရွာသားများသည် လုပ်အားပေးအတွက်ခိုင်း စေခံခဲ့ရပြီး မလိုက်နိုင်ပါက ဒဏ်ငွေ ၂၀၀၀ ကျပ် (၂.၅ အမေရိကန် ဒေါ်လာခန့်) ပေး ဆောင်ရသည်။

# နိဂုံးချုပ်ချက်

မြေယာသိမ်းဆည်းမှုသည် မြန်မာပြည်သူများ ပိုင်ဆိုင်သော မြေယာ၊ ငွေကြေးဥစ္စာနှင့် အခြေခံလူ့ဂုဏ်သိက္ခာများကို စနစ်တကျ လုယူဖျက်ဆီးနေသည်။ အစိုးရသည်လူထု၏အသံကို တလေးတစားနားထောင်၍ ၎င်းတို့၏ စုရုံးပြောဆိုခွင့် အခွင့်အရေးကို လေးစားသင့်သည်။ လယ်မြေနှင့် တခြားမြေယာများ သိမ်းဆည်းမှု စုံစမ်းစစ်ဆေး ရေးကော်မရှင်သည်ပြုပြင်ပြောင်းလဲမှုများ ဆက်လက်တွန်းနိုင်ခြင်း ရှိမရှိကိုတော့ စောင့်ကြည့်ရန်လိုသေးသည်။ ၂၀၁၂ ခုနှစ် မြေယာဥပဒေကဲ့သို့ ဥပဒေသစ်များချမှတ်၍ ပြုပြင်ပြောင်း လဲမှုများကို အစိုးရကဖေါ်ဆောင်နေသည်ဆိုသော်လည်း ၎င်းမြေယာ ဥပဒေသည် ယခင်ကရှိခဲ့သည့် တရားမျှတမှုမရှိသော၊ အလုပ်မဖြစ်သောမူဝါဒများနှင့် ကွဲပြားမှုမရှိလှပဟု ပညာရှင်များက သုံးသပ်ထားသည်။ လက်တွေ့တွင် မြေယာသိမ်းဆည်းမှုနှင့် တခြားလူ့အခွင့်အရေးချိုး ဖောက်မှုများသည် မြန်မာနိုင်ငံ အနံ့အပြား ဆိုးဆိုးဝါးဝါး ဆက်လက်ဖြစ်ပေါ်နေသည်ကို စိတ်မကောင်းစွာ မြင်တွေ့နေရသေးသည်။




မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနရုံးချုပ်ရှေ့တွင် လယ်အသိမ်းခံရသော လယ်သမားများ ဆန္ဒပြတောင်းဆိုနေပုံ

# ပြည်နယ်နှင့် တိုင်းဒေသအလိုက် လူ့အခွင့်အရေးချိုးဖောက်မှု များ

(၂၀၁၂ ခုနှစ် ဧပြီလ - စက်တင်ဘာလ)

| စဉ် | ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ချိုးဖောက်မှုအမျိုးအစား ၁၆ခု | မတရားဖမ်းဆီးမှုများနှင့်ထိန်းသိမ်းချုပ် နှောင်မှုများ | ပုဂ္ဂလိကပိုင်ဆိုင်မှုပစ္စည်းများသိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | အစဖျောက်ပစ်ခြင်း | အဓမ္မလုပ်အားပေးခိုင်းစေမှု | အတင်းအဓမ္မလေိင်လုပ်ငန်းအတွင်းသွတ်သွင်းခံရခြင်း | အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း | လူကုန်ကူးရောင်းချခြင်း | သတ်ဖြတ်ခြင်း | သတ်ဖြတ်ခြင်း | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်ကို | လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ထိပါး နှောင့်ယှက်ခြင်း | တခြားလိပ်အကြမ်းဖက်မှုများ | မုဒိန်းမှု | ကလေးစစ်သားအသုံးပြုမှု | ညှဉ်းပန်းနှိပ်စက်ခြင်း | အခွန်ကောက်ယူခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | ချင်းပြည်နယ် | | ၁ | | ၁ | | | | | ၁ | | | | | | ၁ | ၂ | ၆ |
| 2 | ရောဂတီတိုင်း | | | | | | | | | | | | | | | | ၁ | ၁ |
| 3 | ကချင်ပြည်နယ် | | | | | | | | | | | | | | | | | |
| 4 | ကရင်ပြည်နယ် | | ၇ | | ၁၃ | | | | | ၂ | | | | | | ၂ | ၃ | ၂၇ |
| 5 | ကယား(ကရင်နီ)ပြည်နယ် | | | | | | | | | | | | | | | | | |
| 6 | မကွေးတိုင်း | | ၁ | | | | | | | | | | | | | | | ၁ |
| 7 | မန္တလေးတိုင်း | | ၂ | | ၁ | | | | | | | | | | | | | ၃ |
| 8 | မွန်ပြည်နယ် | | | | ၂ | | | | | | | | | | | ၁ | ၁ | ၄ |
| 9 | ပဲခူးတိုင်း | | | | ၅ | | | | | ၁ | | | | | | | | ၆ |
| 10 | ရခိုင်ပြည်နယ် | ၂ | ၁ | | | | | | | | ၁ | | | | ၁ | ၂ | | ၇ |
| 11 | ရန်ကုန်တိုင်း | | | | | | | | | | | | | | ၁ | ၂ | | ၃ |
| 12 | စစ်ကိုင်းတိုင်း | | | | | | | | | ၁ | | | | | | | | ၁ |
| 13 | ရှမ်းပြည်နယ် | ၂ | ၁၂ | ၂ | ၂ | | ၁ | | | ၃ | | ၁ | ၁ | ၂ | | ၁၁ | ၇ | ၄၄ |
| 14 | တနင်္သာရီတိုင်း | | ၂ | | ၃ | | | | | | | | | | | ၂ | ၄ | ၁၁ |
| **15** | စုစုပေါင်း | ၄ | ၂၆ | ၂ | ၂၇ | - | ၁ | - | - | ၈ | ၁ | ၁ | ၁ | ၂ | ၂ | ၂၀ | ၁၈ | ၁၁၄ |

# ဒေသအလိုက် လူ့အခွင့်အရေးချိုးဖောက်မှု များ

(၂၀၁၂ ခုနှစ် ဧပြီလ - ၂၀၁၂ ခုနှစ် စက်တင်ဘာလ)

| ပြည်နယ်နှင့်တိုင်း ဒေသကြီးအလိုက် ချိုးဖောက်မှုအမျိုး အစား ၁၆ခု | ဧပြီ | မေ | ဇွန် | ဇွန်လိုင် | ဩဂုတ် | စက်တင်ဘာ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ချင်းပြည်နယ် | ၀ | ၂ | ၀ | ၀ | ၀ | ၄ | ၆ |
| ဧရာဝတီတိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ကချင်ပြည်နယ် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ကရင်ပြည်နယ် | ၃ | ၇ | ၆ | ၂ | ၄ | ၅ | ၂၇ |
| ကယား(ကရင်နီ)ပြည်နယ် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| မကွေးတိုင်း | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| မန္တလေးတိုင်း | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၃ |
| မွန်ပြည်နယ် | ၁ | ၀ | ၁ | ၂ | ၀ | ၀ | ၄ |
| ပဲခူးတိုင်း | ၀ | ၀ | ၀ | ၆ | ၀ | ၀ | ၆ |
| ရခိုင်ပြည်နယ် | ၀ | ၀ | ၁ | ၀ | ၂ | ၄ | ၇ |
| ရန်ကုန်တိုင်း | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၃ |
| စစ်ကိုင်း | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ရှမ်းပြည်နယ် | ၄ | ၆ | ၇ | ၁၂ | ၇ | ၈ | ၄၄ |
| တနင်္သာရီတိုင်း | ၀ | ၀ | ၄ | ၇ | ၀ | ၀ | ၁၁ |
| စုစုပေါင်း | ၁၁ | ၁၇ | ၁၉ | ၃၁ | ၁၃ | ၂၃ | ၁၁၄ |
| | ၄၇ | | | ၆၇ | | | |